**CHIN NATIONAL FRONT**
General Headquarters
Chinland
www.chinland.org

# (၆၇) နှစ်မြောက် ချင်းအမျိုးသားနေ့ ထုတ်ပြန်ကြေညာချက်

## (ဗဟိုဌာနချုပ်၊ ချင်းအမျိုးသားတပ်ဦး)

၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀) ရက်နေ့တွင် ကျရောက်သည့် (၆၇) နှစ်မြောက် ချင်းအမျိုးသားနေ့သည် ချင်းအမျိုးသား ခေါင်းဆောင် ပူးဝမ်သူးမောင်း၊ ပူးမန်တုံးနန်းနှင့်တကွ ချင်းအမျိုးသားကိုယ်စားလှယ်များ ချင်းလဲန်း၊ ဖလမ်းမြို့တွင် စုဝေးလျှက် မြေရှင်ပဒေသရာဇ်စနစ်ကို ဖျက်သိမ်းပြီး လူထုဆန္ဒနှင့်အညီ အုပ်ချုပ်သောစနစ်သို့ပြောင်းလဲသည့် ဒီမိုကရေစီ အုတ်မြစ်ကို ချပေးသည့်နေ့ထူးနေ့မြတ်ဖြစ်ပါသည်။ ထို့အပြင် ချင်းမျိုးနွယ်စု အားလုံးတို့၏ စည်လုံးညီညွှတ်မှုကို ပြသနိုင်ခဲ့သည့် သမိုင်းမှတ်တိုင်ကမ္ပည်းရေးထိုးနိုင်ခဲ့ခြင်းလည်းဖြစ်သည်။ ဤမွန်မြတ်လှသောနေ့မြတ်အား ချင်းအမျိုးသားများ နေထိုင်သည့် နိုင်ငံတိုင်းတွင် အနှစ်သာရရှိရှိ ဆင်နွဲကျင်းပနိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သလိုက်ပါသည်။

ချင်းအမျိုးသားနေ့အဖြစ် ဆယ်စုနှစ်လေးစုနီးပါး ကျင်းပခြင်းမပြုနိုင်ခဲ့သည့်နောက်ပိုင်း ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ (၉) ရက်နေ့တွင် ပြည်ထောင်စုငြိမ်းချမ်ရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် ချင်းအမျိုးသားတပ်ဦး ငြိမ်းချမ်းရေးဆွေးနွေးရေး အဖွဲ့တို့၏ ချင်းအမျိုးသားရေးဆိုင်ရာ သဘောတူညီချက် (၂) ၌ "ချင်းအမျိုးသားတို့၏ အမြတ်တနိုးတန်ဖိုးထားသော နေ့ ရက်ဖြစ်သည့် ဖေဖော်ဝါရီလ(၂၀) ရက်နေ့ကို ချင်းအမျိုးသာနေ့အဖြင့် ပြန်လည်သတ်မှတ်ရန်နှင့် ချင်းပြည်နယ်တွင် ယင်း နေ့ရက်အား ရုံးပိတ်ရက်အဖြစ်သတ်မှတ်ရန်တို့ကို ပြည်နယ်အစိုးရမှ ဆက်လက်ဆောင်ရွက်ရန်သဘောတူသည်" ဟု ပါရှိခဲ့သည်နှင့်အညီ ချင်းပြည်နယ်အစိုးရနှင့် ချင်းအမျိုးသားတပ်ဦးတို့ ပူးပေါင်းဦးဆောင်မှုဖြင့် ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀) ရက်နေ့တွင်ကျရောက်သော (၆၅) နှစ်မြောက် ချင်းအမျိုးသားနေ့ကို ဟားခါးမြို့တော်တွင်လည်းကောင်း၊ ၂၀၁၄ ဖေဖော်ဝါရီလ (၂၀) ရက်နေ့တွင်ကျရောက်သော (၆၆) နှစ်မြောက် ချင်းအမျိုးသားနေ့ကို မင်းတပ်မြို့တွင်လည်းကောင်း နိုင်ငံတော်အစိုးရဝန်ကြီးများ၊ ချင်းပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ၊ ချင်းအမျိုးသားတပ်ဦးခေါင်းဆောင်များနှင့် အနယ်နယ် အရပ်ရပ်မှ ချင်းအမျိုးသားများ၊ ဒေသခံနှင့်ချင်းပြည်သူလူထုများပါဝင်လျှက် စည်ကားသိုက်မြိုက်စွာ ချင်းအမျိုးသားနေ့ အခမ်းအနားကျင်းပနိုင်ခြင်းသည် ချင်းလူမျိုးတို့၏ အမျိုးသားအင်္ဂါရပ်ကို အသိအမှတ်ပြုခြင်းနှင့် သမိုင်းကြောင်း အဖြစ် မှန်များကို ပြန်လည်ဖော်ဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။

ဤအခါသမယတွင် ချင်းလူမျိုးများအနေဖြင့် မိမိလူမျိုး၏ အခြေခံရပိုင်ခွင့်ကို ကာကွယ်ထိန်းသိမ်းလိုစိတ်၊ မိမိယဉ်ကျေးမှု၊ ဘာသာစကား၊ ရိုးရာဓလေ့ ထုံးတမ်းစဉ်လာများကို ထိန်းသိမ်းမြှင့်တင်လိုစိတ်နှင့် မှန်ကန်သော မျိုးချစ်စိတ်ဓါတ်များကို လေးနက်စွာ ခံယူတန်ဖိုးထားရေးကို တိုက်တွန်းလိုပါသည်။ တဖန် လက်ရှိမြန်မာ့နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည့် ဘက်ပေါင်းစုံမှ တိုးတက်ဖွံ့ဖြိုးရေးအတွက် ချင်းအမျိုးသားတပ်ဦးသည် အစွမ်းအစရှိသမျှဖြင့် အမျိုးသားရေးအတွက် ဆက်လက်တိုက်ပွဲဝင်သွားမည်ဖြစ်သည်။ ချင်းအမျိုးသားနိုင်ငံရေးလှုပ်ရှားမှုကို မိမိတို့ကျရာ အခန်း ကဏ္ဍမှပါဝင်သော၊ အားပေးကူညီကြသည့် အမျိုးသားပြည်သူလူထုအပေါ် အထူးကျေးဇူးတင်ရှိပါကြောင်း ဖော်ပြလိုပါ သည်။

သို့ဖြစ်ပါ၍ (၆၇) နှစ်မြောက် ချင်းအမျိုးသားနေ့ အခါသမယတွင် ကမ္ဘာတစ်ဝှမ်းရှိ ချင်းအမျိုးသားပြည်သူများအနေဖြင့် အမျိုးသားလှုပ်ရှားမှုတွင် စည်းလုံးညီညွှတ်စွာ ပူးပေါင်းဆောင်ရွက်နိုင်ပါစေကြောင်းနှင့် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု ပေါ်ပေါက်ရေး၊ လူမျိုးအချင်းချင်း အပြန်အလှန်အသိအမှတ်ပြုရေး၊ တိုင်းရင်းသားလူမျိုးပေါင်းစုံ၏ ကောင်းကျိုး ချမ်းသာကို ပိုမိုဖော်ဆောင်ရေး အားထုတ်စေလိုကြောင်း တိုက်တွန်းရင်း ချင်းအမျိုးသားနေ့ကို စည်ကားသိုက်မြိုက်စွာ ဆင်နွဲကြပါရန် တိုက်တွန်းအပ်ပါသည်။

သတင်းနှင့်ပြန်ကြားရေးဌာန
ချင်းအမျိုးသားတပ်ဦး
၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၆) ရက်နေ့။